# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 3, 2024 Volume 79, Number 1

၃.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၂၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၆.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၄.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၉.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၅.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၈၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၆၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၃၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၁၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၉၈၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်ပမှတင်သွင်းသောကုန်ပစ္စည်းများအား ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်းမပြုရန် အသိပေးကြေညာထားကြောင်း သတင်းရရှိ

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစတင်၍ သွင်းကုန်လိုင်စင်/ပါမစ် ခွင့်ပြုချက် မရရှိသေးဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ သွင်းကုန်များကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် မေလ ၃၀ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ (၃/၂၀၂၄) ဖြင့် ထုတ်ပြန်ထားပါသည်။

အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုထားသည့် ကုန်ပစ္စည်းများမှအပ ကျန်ပြည်ပမှတင်သွင်းသောကုန်ပစ္စည်းများကို ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်း မပြုလုပ်ရန်နှင့် ခွင့်ပြုချက်မရရှိဘဲ ရောက်ရှိပါက အဆိုပါတင်သွင်းသောကုမ္ပဏီများကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၀) ဖြင့် ထုတ်ပြန်ထားသော်လည်း သတ်မှတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်မှုမရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ ခွင့်ပြုချက်မရရှိသေးသော ကုန်ပစ္စည်းများကို ကြိုတင် တင်သွင်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ကျန်းမာရေးကဏ္ဍတို့အတွက် လိုအပ်သော အရေးကြီးကုန်ပစ္စည်းများကို အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန် ကုန်လှောင်ရုံများတွင် ထည့်သွင်းခွင့်ပြုထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ထုတ်ပြန်ထားသော ဥပဒေနှင့်စည်းကမ်းများကို အလေးအနက်ထားလိုက်နာစေရန်ရည်ရွယ်၍ သွင်းကုန်လိုင်စင်/ပါမစ်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ကုန်ပစ္စည်းများ ဆိပ်ကမ်းနှင့်လေဆိပ်များသို့ တင်သွင်းရောက်ရှိမှု မရှိစေရေးအတွက် နှိုးဆော်အသိပေး ကြေညာခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၇၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## အုန်းတန်ဖိုးမြှင့်ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း



အက်ခ်မက်-ကိုရီးယား (ACMECS-ROK) ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအစီအစဉ်ဖြင့် "အုန်းတန်ဖိုးမြှင့်ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ" ကို ရန်ကုန်မြို့၊ Pan Pacific Hotel တွင် ၂၀၂၄ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဗီယက်နမ်နိုင်ငံ အုန်းသီးအသင်းဥက္ကဋ္ဌ Mrs.Nguyen Thi Kim Thanh ခေါင်းဆောင်သည့် ကျွမ်းကျင်ပညာရှင်များက ဗီယက်နမ်နိုင်ငံ၏ အုန်းစိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များ၊ အုန်းစိုက်ပျိုးခြင်းနှင့် Carbon Credit အကြောင်းနှင့် ဗီယက်နမ်နိုင်ငံတွင် ထုတ်ကုန်အသစ်အဖြစ် Macapuno အုန်းစိုက်ပျိုးထုတ်လုပ်နေမှုများ အကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါဆွေးနွေးပွဲသို့ ဗီယက်နမ်ကျွမ်းကျင်ပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံ အုန်းစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၁ ဦး တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲကျင်းပစဉ်အတွင်း မြန်မာနိုင်ငံအုန်းသီးစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ဗီယက်နမ်နိုင်ငံ အုန်းသီးအသင်းတို့အကြား နှစ်နိုင်ငံအုန်းသီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ (MOU) နှင့် မြန်မာနိုင်ငံ Orchard Company Limited နှင့် ဗီယက်နမ်နိုင်ငံ Hoa Binh Hiep Agricultural Service Cooperative တို့အကြား အုန်းပျိုးပင်များပံ့ပိုးပေးရန်နှင့် အုန်းပျိုးပင်များစိုက်ပျိုးရန်အတွက် နည်းပညာအကူအညီပေးရန် နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် မေလ ၃၀ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ အုန်းသီးအသင်းဥက္ကဋ္ဌနှင့်ကျွမ်းကျင်ပညာရှင်များ ဆွေးနွေးပွဲသို့ တက်ရောက်သူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ယင်းကဒစ်ကျေးရွာရှိ အုန်းချိုမွှေးစိုက်ပျိုးသည့်ခြံများသို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြပြီး ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ အုန်းသီးအသင်းဥက္ကဋ္ဌနှင့် ကျွမ်းကျင်ပညာရှင်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ဗီယက်နမ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။

**Source: https://myantrade.gov.mm/article/NPT_29052024-1**

## ပြင်သစ်တွင်ပြုလုပ်မည့် အဝတ်အထည်ဆင်ယင်မှုပြပွဲမှာပါဝင်နိုင်ကြောင်း အထည်ချုပ်လုပ်ငန်းရှင်များအသင်း လျှောက်လွှာဖိတ်ခေါ်

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင်ကျင်းပမည့် အဝတ်အထည်ဆင်ယင်မှုပြပွဲ (Apparel Sourcing Paris) ၌ ထုတ်ကုန်နမူနာများ ပါဝင်ပြသနိုင်ရန် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းက လျှောက်လွှာဖိတ်ခေါ်နေကြောင်းသိရသည်။

ဇူလိုင်လ (၁)ရက်မှ (၃)ရက်အထိ ကျင်းပမည့် အဆိုပါပြပွဲတွင် အထည်ချုပ်လုပ်ငန်းရှင်များအသင်းက Institutional Booth အဖြစ် MGMA ပြခန်းနှင့် အသင်းဝင်စက်ရုံ ပြခန်း (၃) ခန်း ပါဝင်ပြသမည်ဖြစ်သည်။ ထို့ပြင် လျှောက်ထားသူ အသင်းဝင်စက်ရုံများလျှင် စက်ရုံတစ်ခုလျှင် (၂)ထည်ခန့်သာရွေးချယ်မည်ဖြစ်ကြောင်း အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှအသိပေးထားသည်။

လျှောက်လွှာများကို ဇွန်လ (၅) ရက်အထိ မိမိပြသမည့် အထည်နမူနာ အရေအတွက်အတိုင်းဖြင့် ထုတ်ကုန်နမူနာ (ဓာတ်ပုံ (၂) ပုံမှ (၅) ပုံ) ထိ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ ပါဝင်ပြသနိုင်ရန်အတွက် ရွေးချယ်ခံရသည့် ပြသလိုသော ကုန်ပစ္စည်းနမူနာများကို ပဲရစ်မြို့သို့ DHL express ဖြင့်ပေးပို့၍ ကုန်ကျစရိတ်ကိုလည်း ပေးပို့သူကုမ္ပဏီမှ ကျခံပေးရမည်ဖြစ်သည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းအနေဖြင့် ၂၀၁၇ ခုနှစ်မှစတင်ကာ ထိုပြပွဲကိုပါဝင်ခဲ့ပြီး မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းသာမက အသင်းဝင်ကုမ္ပဏီများ၏ ကိုယ်ပိုင်အရောင်းပြခန်းများဖြင့်လည်း ကမ္ဘာအနှံ့အရောင်းမြှင့်တင်ခြင်းကို ဆောင်ရွက်နေကြောင်း သိရသည်။

ပြပွဲနှင့်ပတ်သက်၍ သိရှိလိုသည်များကို မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ရုံးခန်းသို့လည်းကောင်း၊ ဖုန်း -၀၉ ၄၂၀၀၃၆၆၈၃ သို့မဟုတ် Event & PR officer ဒေါ်ခင်သန္တာထံသို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

Source: https://www.popularmyanmar.com/?p=160890

## တစ်ပတ်တာ ဈေးကွက်သုံးသပ်ချက် (၂၇.၅.၂၀၂၄ မှ ၃၁.၅.၂၀၂၄)




တစ်ပတ်အတွင်းမှာတော့ ငွေကြေးဈေးတည်ငြိမ်မှုမရှိပဲ ငွေလဲလှယ်နှုန်းဈေးမြင့်တက်တာတွေကြောင့် ပို့ကုန်ပဲအပါအဝင် ပဲအများစု ဈေးမြင့်တက်လာပါတယ်။ ဈေးမြင့်တက်နေတာဖြစ်တဲ့အတွက် အရောင်းတွေရှိပေမဲ့ အဝယ်ကတော့ အနည်းငယ်အေးနေတဲ့ အခြေအနေဖြစ်တယ်လို့သိရပါတယ်။ ပဲတစ်အိတ်ကို အနိမ့်ဆုံး ၅၀၀၀ ကနေ အမြင့်ဆုံး ၅၀,၀၀၀ အထိ ဈေးမြင့်တက်နေပါတယ်။

**မတ်ပဲ**

မတ်ပဲကတော့ ဆက်တိုက်ဈေးမြင့်တက်လာပါတယ်။ ဈေးကွက်အတွင်း ဒေါ်လာဈေးမြင့်တက်လာတဲ့အတွက်ကြောင့် ပဲဈေးတွေက မြင့်တက်လာတာဖြစ်ပါတယ်။ ဈေးကွက်အတွင်းမှာတော့ ငွေကြေးဈေးတည်ငြိမ်မှုမရှိတာကြောင့် အရောင်းအဝယ်တွေလည်းအေးနေပြီး ကုန်သည်တွေအနေနဲ့ စောင့်ကြည့်နေကြတယ်လို့ သိရပါတယ်။

ပြည်တွင်းမှာတော့ ငွေကြေးဈေး မတည်ငြိမ်မှုတွေက ပဲဈေးတွေကို မြင့်တက်နေစေသလို အိန္ဒိယနိုင်ငံမှာလည်း အခုနှစ်ရာသီမှာ ရာသီဥတုအခြေအကြောင့် ပဲမျိုးစုံထုတ်လုပ်နိုင်မှုက ၃၀ ရာခိုင်နှုန်းလောက်လျော့ကျနိုင်မယ်လို့ ဝန်ကြီးဌာနက ခန့်မှန်းထုတ်ပြန်ထားတာကြောင့် လက်ရှိရွေးကောက်ပွဲပြီးပါက ပဲဈေးမြင့်တက်မှုက ၂၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းထိ မြင့်လာဦးမယ်လို့ အိန္ဒိယကုန်သည်တွေက ခန့်မှန်းထားကြောင်း အိန္ဒိယပဲသတင်းတွေအရ သိရပါတယ်။

ယခင်အခြေအနေက အိန္ဒိယပဲဈေးမြင့်တက်လာမှ ပြည်တွင်းမတ်ပဲဈေး မြင့်တက်ခဲ့တာဖြစ်ပေမဲ့ လက်ရှိအခြေအနေကတော့ မြန်မာပြည်တွင်း ပဲဈေးမြင့်တက်လာမှုကိုစောင့်ကြည့်ပြီး အမြင့်ဈေးနဲ့ရောင်းဝယ်နေကြတာဖြစ်လို့ အိန္ဒိယနိုင်ငံမှာ ဒီတစ်ပတ် မြန်မာမတ်ပဲ FAQ က တစ်တန်ကို ရူပီး ၈၂၂၅ ပေါက်ဈေးရှိနေပြီး ၁၇၅ ရူပီး မြင့်တက်လာပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ မတ်ပဲ (FAQ/RC)က တစ်တန်ကို ၃,၄၈၀,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ် သောကြာနေ့နဲ့ယှဉ်ရင် တစ်တန်ကို ၁၉၇,၀၀၀ ကျပ်ဈေး မြင့်တက်လာပါတယ်။ (SQ/RC) ကတော့ တစ်တန်ကို ၃,၇၇၅,၀၀၀ ပေါက်ဈေးရှိပြီး တစ်တန်ကို ၂၂၀,၀၀၀ ကျပ် ဈေးတက်လာပါတယ်။ မတ်ပဲ Raw ကတော့ တစ်ပိဿာကို ၅၆၁၅ မှ ၅၆၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၂၅ ကျပ်ဈေး မြင့်တက်လာပါတယ်။ မတ်ပဲ FOB ဈေးနှုန်းကလည်း တစ်တန်ကို ၁၀၂၅ မှ ၁၀၄၅ ဒေါ်လာပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့ အပတ်နဲ့ယှဉ်ရင်တော့ တစ်တန်ကို ၁၅ ဒေါ်လာ မြင့်တက်လာပါတယ်။ မတ်ပဲက တစ်လအတွင်း တစ်တန်ကို ၃ သိန်းနီးပါး ဈေးမြင့်တက်လာခဲ့ပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကလည်း မတ်ပဲနည်းတူ ငွေကြေးဖောင်းပွမှုကြောင့် ဈေးတွေမြင့်တက်လာတဲ့ အခြေအနေဖြစ်ပါတယ်။ ဈေးကွက်အတွင်းမှာတော့ ပဲလက်ကျန်က နည်းနေတာဖြစ်ပြီး မငြိမ်သက်ဖြစ်နေတဲ့ ငွေကြေးဈေးကွက်ကြောင့် အဝယ်နားထားတဲ့အခြေအနေဖြစ်တယ်လို့ ကုန်သည်အချို့ထံကနေ သိရပါတယ်။ လှောင်လက်အချို့ကလည်း လက်ရှိငွေကြေးဈေးအခြေအနေရယ် အိန္ဒိယပဲလိုအပ်မှုအခြေအနေတွေကို စောင့်ကြည့်ပြီး အရောင်းသိပ်မလုပ်ကြဘူးလို့လည်း သိရပါတယ်။

အိန္ဒိယနိုင်ငံတွင်းမှာ ပဲစင်းငုံနီရဲ့ဈေးမြင့်တက်လာမှုက ၂၀ ရာခိုင်နှုန်းကျော်အထိရှိလာခဲ့ပြီး ၃၀ ရာခိုင်နှုန်းထိ ရောက်ရှိနိုင်မယ်လို့ ခန့်မှန်းထားကြပြီး အထွက်နှုန်းကလည်း ၂၀ ရာခိုင်နှုန်းထက်မနည်း လျော့ကျမယ်လို့ ထုတ်ပြန်ထားတဲ့အတွက်

ပဲစင်းငုံနီကတော့ လာမဲ့ကာလအတွင်း အတက်ဈေးနဲ့ပဲရှိနိုင်မှာဖြစ်တယ်လို့ သုံးသပ်မှုတွေရှိပါတယ်။

အိန္ဒိယနိုင်ငံ ချန်နိုင်းဈေးကွက်မှာတော့ ပဲစင်းငုံနီတစ်တန်ကို ရူပီး ၁၁,၆၀၀ ရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ရူပီး ၂၂၅ ရူပီး ဈေးမြင့်တက်လာခဲ့ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၄,၅၅၀,၀၀၀ ကျပ် ပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့အပတ် သောကြာနေ့နဲ့ ယှဉ်ရင် တစ်တန်ကို ၂၅၀,၀၀၀ ကျပ်ဈေးမြင့်တက်လာပါတယ်။ ပဲစင်းငုံနီက မေလတစ်လအတွင်း တစ်တန်ကို ၄ သိန်းကျော် ဈေးမြင့်တက်လာခဲ့ပါတယ်။

## ကြက်သွန်နီ

ကြက်သွန်နီကတော့ ဈေးကွက်ထဲ အဝင်လျော့ပေမယ့် ဈေးကတော့ကျဆင်းသွားခဲ့ပါတယ်။ နယ်စုံကနေ အဝင်ရှိနေပါတယ်။ အဆက်မပြတ် မိုးရွာတဲ့အတွက် ဈေးကွက်ထဲ တစ်ပတ်အတွင်း အဝင်လျော့သွားပေမဲ့လည်း မိုးကြောင့် ပျက်စီးဆုံးရှုံးပြီး အရည်အသွေးပိုင်းဆိုင်ရာ အားနည်းတဲ့အတွက်ကြောင့် ဈေးကောင်းမရရှိဘူးလို့လည်း သိရပါတယ်။ နေ့စဉ်ဘုရင့်နောင်ဈေးကွက်ထဲကို ပိဿာချိန် ၁ သိန်းနှင့် ၁ သိန်း ခွဲကြား အဝင်ရှိနေပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ကြက်သွန်နီ ဆိပ်ဖြူကတော့ တစ်ပိဿာကို ၁၅၀၀ မှ ၂၂၀၀ ကျပ်ရှိပြီး တစ်ပိဿာကို ၁၀၀ ကျပ် ဈေးကျဆင်းပါတယ်။ အခြား အမျိုးအစားဖြစ်တဲ့ မြင်းခြံ၊ တောင်တွင်း၊ မင်းဘူး၊ ရွှေဘို၊ မုံရွာတို့ကလည်း တစ်ပိဿာကို အနိမ့်ဆုံးဈေး ၁၂၀၀ ကနေ ၂၃၀၀ ကြားရှိနေပြီး ၂၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

ပခုက္ကူ ဈေးကွက်မှာတော့ တစ်ပိဿာကို ၁၂၀၀ မှ ၁၈၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၃၀၀ ကျပ် ဈေးကျဆင်းပါတယ်။ ကြက်သွန်နီကတော့ ပြီးခဲ့တဲ့လနဲ့ယှဉ်ရင် တစ်လအတွင်း တစ်ပိဿာကို ၅၀၀ နီးပါး ဈေးကျဆင်းသွားခဲ့ပါတယ်။

## ငရုတ်

ပန်းရဲနဲ့မြားနီငရုတ်က ဆက်တိုက်ဈေးမြင့်တက်နေခဲ့တာဖြစ်ပါတယ်။ ဈေးမြင့်တက်သလောက်လည်း အရောင်းအဝယ်သွက်နေတယ်လို့ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာတော့ မြားနီက တစ်ပိဿာကို ၅၅၀၀ မှ ၅၇၀၀ ပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၂၀၀ ကျပ် ဈေးတက်လာပါတယ်။ ပန်းရဲကတော့ တစ်ပိဿာကို ၅၈၀၀ မှ ၆၀၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။ ငရုတ်ပန်းရဲနဲ့မြားနီက ပြီးခဲ့တဲ့လနဲ့နှိုင်းယှဉ်ရင် တစ်ပိဿာကို ၁၅၀၀ နီးပါး ဈေးမြင့်တက်လာခဲ့တာဖြစ်ပါတယ်။

ငရုတ်ဆင်ဖြူကျွန်းက လက်ရှိမှာ တစ်ပိဿာကို ၁၁,၅၀၀ မှ ၁၂,၀၀၀ ရှိပြီး ဈေးငြိမ်နေပေမဲ့ ပြီးခဲ့တဲ့လနဲ့နှိုင်းယှဉ်ရင်တော့ တစ်လအတွင်း တစ်ပိဿာကို ၃၀၀၀ ကျပ် ဈေးမြင့်တက်လာခဲ့တာဖြစ်ပါတယ်။

**Source: AMIA**

https://t.me/htwettoe

## တရုတ်ဝယ်လိုအားကြောင့် ပြည်တွင်းမှ ငရုတ်သီးခြောက်များ ဈေးကောင်းရနေ



ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော ငရုတ်စိုနှင့်ငရုတ်ခြောက်နှစ်မျိုးရှိရာ တရုတ်ဘက်မှ မေလဆန်းပိုင်းမှစတင်၍ ဝယ်ယူလာ ခြင်းကြောင့် ငရုတ်သီးခြောက်များ တင်ပို့လျက်ရှိရာ မိုးထောင်ငရုတ်သီးခြောက်မှာ တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ ဝန်းကျင် ရောက်ရှိလာပြီး ဈေးကောင်းရနေသည်။

မြဝတီနယ်စပ်လမ်းကြောင်းဖြင့် ထိုင်းဘက်သို့တင်ပို့ခြင်းမှ တရုတ်ဘက်က ဈေးကောင်းပေးဝယ်ခြင်းကြောင့် တရုတ်ဘက်သို့ တင်ပို့မှုများလာသည်ဟု မြန်မာ့ငရုတ်သီး ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်ကပြောသည်။ "ပြည်ပကို ခါတိုင်းပို့တဲ့ ငရုတ်အစိုသီးက မရှိတော့ဘူး။ နေပြင်းလို့ ငရုတ်သီးတွေက အခြောက်ဖြစ်သွားတယ်။ ငရုတ်သီးခြောက် ကိုပဲ တင်ပို့နေတယ်။ လက်လီမှာ တစ်ပိဿာ ငွေကျပ် ၅၀၀၀-၆၀၀၀ ဈေးမှာတောင်

ဝယ်သူနည်းခဲ့ရာက ခုဆိုတရုတ်က ဝယ်ဈေးမြင့်လာတော့ ငွေကျပ် ၈၅၀ဝ ဖြစ်သွားပြီ။ လက်လီမှာ တစ်ပိဿာ ငွေကျပ် ၉၀၀၀ လောက်ရှိတယ် ”ဟု ၎င်းက ပြောသည်။

ငရုတ်သီးတွင် ငရုတ်အတိုသီးနှင့်အရှည်သီးဟူ၍ရှိရာ အရှည်သီးမှာ ပြည်တွင်းဈေးကွက်တွင် ရောင်းချနေရပြီး ငရုတ်အတိုသီး(ငရုတ်အခြောက်သီး) များကို ပြည်ပသို့တင်ပို့ကြောင်း၊ ငရုတ်သီးခြောက်များကို တရုတ်ဘက်သို့ မိုင်းလားလမ်းပိုင်းမှ တစ်ရက်လျှင် ကုန်တင်ယာဉ် ၆ စီးမှ ၁၀ စီးခန့် တင်ပို့နေသည်။ “ငရုတ်အခြောက်ဆိုရင် တရုတ်ဘက် အသွားများတယ်။ မိုင်းလားဘက်က လမ်းပိုင်းသိပ်အကောင်းကြီး မဟုတ်ပေမဲ့ အဆင်ပြေတဲ့အခြေအနေရှိပါတယ်။ ငရုတ်တောင်သူတွေမှာ လက်ရှိကြုံနေရတာက လုပ်သားရှားပါးမှုနဲ့ကြုံနေရပြီး ပူပြင်းမှုဒဏ်ကြောင့် ငရုတ်အစိုက မရှိသလောက်ဖြစ်နေတယ်”ဟု ဆက်လက်ပြောကြားသည်။

ငရုတ်ခူးဆွတ်ရာတွင် ရာသီဥတုပူပြင်းမှုကြောင့် အစိုမရရှိနိုင်တော့ဘဲ ငရုတ်ပင်များကိုခုတ်လှဲ၍ အမိုးအကာအောက်တွင် ရွှေ့ပြောင်းခူးဆွတ်ရသည့်ပုံစံ ပြောင်းလဲလုပ်ဆောင်နေရပြီး လုပ်သားရှားပါးမှုနှင့်ကြုံတွေ့နေရကြောင်း၊ သို့ဖြစ်ရာ လာမည့်နှစ်တွင် ငရုတ်စိုက်တောင်သူ အရေအတွက်နည်းပါးလာနိုင်ရာမှ အထွက်နှုန်းနည်းပါးနိုင်သည်။

ပြည်ပသို့ ငရုတ်သီးခြောက်များတင်ပို့သည့် အမျိုးအစားများမှာ ၇၇၇ ငရုတ်သီး၊ ၉၉၉ ငရုတ်သီး၊ ဆန်းရှိုင်းငရုတ်သီးစသည့် အမျိုးအစားများဖြစ်ကြောင်းသိရပြီး လက်ရှိတွင် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀ဝ ဝန်းကျင်မှ မိုးထောင်ငရုတ်မှာ ၉၀၀၀ ဝန်းကျင်ထိ ဈေးကောင်းရရှိနေသည်ဟုဆိုသည်။

**Source: မကွေးဂျာနယ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၃၄၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန်လ ၃ ရက်မှ ၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၃၄၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm? Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**Source:** http://www.myawady.net.mm/

## အိန္ဒိယဘာစမာတီဆန်၏ ပို့ကုန်ဈေးနှုန်းသည် အစိုးရသတ်မှတ်သည့် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းအောက် ကျဆင်းကာ ဝယ်သူမရှိသလောက်နည်းပါးလျက်ရှိ

အိန္ဒိယဘာစမာတီဆန်၏ ပို့ကုန်ဈေးနှုန်းသည် အစိုးရသတ်မှတ်သည့် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းဖြစ်သော ၁ တန်လျှင် ကန်ဒေါ်လာ ၉၅၀ အောက်သို့ ကျဆင်းလျက်ရှိပြီး၊ လက်ရှိတွင် တစ်တန်လျှင် ကန်ဒေါ်လာ ၈၀၀ မှ ၈၅၀ ရှိသော်လည်း ဝယ်သူမရှိသလောက် နည်းပါးလျက်ရှိကြောင်း Economic Times သတင်းဌာနက ယခုလ ၂၈ ရက်ကဖော်ပြသည်။

ဘာစမာတီဆန်၏ ပြည်တွင်းဆန်ဈေးနှုန်းများမှာလည်း ၁ ကီလိုဂရမ်လျှင် ရူပီး ၇၅ မှ ၆၅ သို့ ကျဆင်းလျက်ရှိကြောင်း သိရသည်။ ဆန်တင်သွင်းသော နိုင်ငံများအနေဖြင့် အိန္ဒိယအစိုးရ၏ အပြောင်းအလဲမြန်သော အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း သတ်မှတ်ချက်ကြောင့် စိုးရိမ်မကင်းဖြစ်ကာ ဘာစမာတီဆန်များကို ပမာဏအမြောက်အမြား ဝယ်ယူခဲ့ကြကြောင်း အိန္ဒိယ ဆန်ကုန်သည်ကြီးနှစ်ဦးက ပြောကြားခဲ့သည်။ အိန္ဒိယအစိုးရသည် ပြီးခဲ့သည့်နှစ် ဩဂုတ်လက ဘာစမာတီဆန်၏ အနိမ့်ဆုံး ပို့ကုန်ဈေးနှုန်းကို ၁ တန်လျှင် ကန်ဒေါ်လာ ၁,၂၀၀ တိုးမြှင့်သတ်မှတ်ထားရာမှ အောက်တိုဘာလတွင် ကန်ဒေါ်လာ ၉၅၀ သို့ လျှော့ချသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ပန်ဂျပ်ပြည်နယ် ဆန်တင်ပို့ရောင်းချသူများအသင်း(Punjab Rice Exporters Association) က အစိုးရ၏ လက်ရှိအနိမ့်ဆုံး ပို့ကုန်ဈေးနှုန်းသတ်မှတ်ချက်ကြောင့် ဆန်တင်ပို့သူများ နစ်နာမှုမရှိစေရန် အဆိုပါ ဈေးနှုန်းကျဆင်းသည့်ကိစ္စကို အရေးယူ ဆောင်ရွက်ပေးရန် စိုက်ပျိုးရေးနှင့်ပြုပြင်ပြီးစားသောက်ကုန်ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့(Agriculture and Processed Food Product Development Authority-APEDA)ထံ စာရေးသားပေးပို့ခဲ့ကြောင်းသိရသည်။ APEDA သည် ဘာစမာတီ ဆန်အရောင်းအဝယ်စာချုပ်များကို မှတ်ပုံတင်ထုတ်ပေးရသော အဓိကအစိုးရဌာနတစ်ခုဖြစ်ကြောင်း သိရသည်။

ပြည်ပမှ ဆန်ဝယ်သူများသည် အိန္ဒိယအစိုးရ၏ ခန့်မှန်းရန်ခက်ခဲသော ဆန်မူဝါဒကြောင့် ဘာစမာတီဆန်များကို အလုံးအရင်းဖြင့် ဝယ်ယူခဲ့ကြသလို၊ ပါကစ္စတန်နိုင်ငံမှ ဘာစမာတီဆန်များကိုလည်း ဝယ်ယူကာ ၎င်းတို့၏ ဆန်လက်ကျန်ကို ဖြည့်တင်းထားခဲ့ကြောင်း အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဆန်တင်ပို့သူများအသင်း၏ ဥက္ကဋ္ဌဟောင်းလည်းဖြစ်ကာ ဘာစမာတီဆန် အဓိကတင်ပို့သူတစ်ဦးလည်းဖြစ်သော Vijay Setia က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ဘာစမာတီဆန်ကို ပြည်တွင်း၌ ကျယ်ကျယ်ပြန့်ပြန့်စားသုံးမှုမရှိဘဲ ပြည်ပသို့သာ အဓိကထား၍ တင်ပို့ ရောင်းချလျက်ရှိသည်။ ဘာစမာတီဆန် တန်ချိန် ၆ ဒသမ ၅ သန်းခန့်အား နှစ်စဉ်ထုတ်လုပ်ပြီး၊ တန်ချိန် ၅ သန်းခန့်ကို ပြည်ပသို့ တင်ပို့ကာ သုည ဒသမ ၅ သန်းခန့်ကို ပြည်တွင်း၌စားသုံးပြီး၊ ဆန်လက်ကျန်များကို နောင်နှစ်အတွက် ဖယ်ချန်ထားလေ့ ရှိကြောင်းသိရသည်။ ၂၀၂၄ ခုနှစ် ခါရစ်(မိုး)ရာသီတွင် ဘာစမာတီဆန်တန်ချိန် ၈ သန်းခန့် ထုတ်လုပ်နိုင်ခဲ့ပြီး၊ ယခင်နှစ် ရာသီကထက် ၂၃ ရာခိုင်နှုန်း ပိုမိုထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယင်းအနက် ပြည်ပသို့တန်ချိန် ၅ ဒသမ ၂၅ သန်းခန့် တင်ပို့ခဲ့ပြီးဖြစ်ကာ ပြည်တွင်း တွင် တန်ချိန် ၁ ဒသမ ၂၅ သန်းခန့် စားသုံးသည့်အတွက် ယခုနှစ်အတွက် ဆန်လက်ကျန်များရှိနေဦးမည်ဖြစ်ကြောင်း Setia က ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် ခါရစ်ရာသီတွင် မုတ်သုန်မိုးအခြေအနေ ပုံမှန်ရှိသည့်အတွက် ဘာစမာတီဆန်ထုတ်လုပ်မှု ပိုမိုတိုးတက်လာဖွယ် ရှိကြောင်း၊ လယ်သမားများက ဆန်မျိုးစေ့မျိုးကောင်းများကို အရေအတွက်အများအပြား ဝယ်ယူထားကြပြီးဖြစ်ကြောင်း၊ အကယ်၍ အစိုးရက အနိမ့်ဆုံးပို့ကုန်ဈေးသတ်မှတ်ချက်အား မည်သို့မျှအရေးယူဆောင်ရွက်ခြင်းမရှိပါက ဘာစမာတီဆန် တင်ပို့ရောင်းချမှုကို ထိခိုက်စေကာ အဓိကပြိုင်ဘက် ပါကစ္စတန်နိုင်ငံက ဆန်ဈေးကွက်တွင် နေရာတစ်ဖျားသာသွားနိုင်ကြောင်း၊ ပြည်တွင်းဆန်ဈေးနှုန်းမှာလည်း ၁၀-၁၅ ရာခိုင်နှုန်းအထိကျဆင်းနေပြီး၊ ဆက်လက်၍ကျဆင်းဖွယ်ရှိကြောင်း Haryana ပြည်နယ်အခြေစိုက် LRNK ဆန်ပို့ကုန်လုပ်ငန်းမှ စီမံခန့်ခွဲသူတစ်ဦးက ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံတွင် နှစ်စဉ်မိုးရေချိန်၏ ၇၅ ရာခိုင်နှုန်းခန့်ကို လေးလတာကြာမြင့်သော မုတ်သုံရာသီကာလအတွင်း အဓိက ရရှိလေ့ရှိကြောင်း သိရသည်။

Source: The Economic Times of India, Basmati rice export prices plummet below government MEP, global buyers stay away, 28 May, 2024. https://myantrade.gov.mm/article/STP(Ygn)_31052024_12:31

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

# STOCK EXCHANGE (3.6.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 3rd Jun. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,914 (Shares) | 14,085,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | -100 | -1.10% | 9,000 | 9,000 | 9,000 | 238 | 2,142,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,150 | +50 | +1.61% | 3,100 | 3,150 | 3,100 | 1,760 | 5,460,100 | 38,929,150 | 122,627 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,200 | 8,200 | 8,100 | 103 | 844,500 | 10,400,986 | 84,248 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,650 | 1,700 | 1,650 | 776 | 1,282,500 | 29,664,613 | 48,947 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 66 | 178,200 | 12,823,224 | 34,623 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 871 | 1,503,800 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 4 | 18,800 | 10,497,598 | 49,339 |
| MAEX | 00008 | 2,400 | +0 | +0.00% | 2,400 | 2,450 | 2,400 | 1,096 | 2,655,650 | 23,804,946 | 57,132 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 3rd Jun. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 386.95 | -0.73 | -0.19% | 385.94 | 388.37 | 385.39 | 4,914 | 14,085,550 | 8 | 729,863 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:00 pm, 4th Jun. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,367 (Shares) | 36,309,800 (MMK) |

| MYANPIX | 388.74 ▲ 1.79 |
|---|---|
| Total Volume (shares) | 14,367 |
| Total Value (MMK) | 36 mil |
| Listed Company | 8 |
| Market Cap. (MMK) | 733,242 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 1,800 | ▲ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 2,500 | ▲ 100 |